ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
စက်စဲကမ်းခြေမြေနှင့် နားနေဆောင်ဌားရမ်းခြင်းအတွက်
အိတ်ဖွင့်တင်ဒါပြန်လည်ခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ စစ်စဲကမ်းခြေမြေ (၄.၁၈)ဧကပေါ်ရှိ မြေနှင့်နားနေဆောင်များအား (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ်မှ (၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်အထိ (၃)နှစ်သက်တမ်းငှားရမ်းရန် တင်ဒါခေါ်ယူခြင်းအား ၁၄-၈-၂၀၁၇ ရက်နေ့ မြန်မာအလင်းသတင်းစာတွင် ကြော်ငြာခေါ်ယူခဲ့ရာ ဆောင်ရွက်ဆဲမြေယာကိစ္စကြောင့် တင်ဒါခေါ်ယူခြင်း ရပ်ဆိုင်းခဲ့ရပါသည်။

၂။ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ စက်စဲကမ်းခြေမြေ (၄.၁၈) ဧကနှင့် နားနေဆောင်တို့အား (၃)နှစ်သက်တမ်း ငှားရမ်းလုပ်ကိုင်ခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီး ဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၅၁)တွင် တင်ဒါလျှောက်လွှာပုံစံများ ဝယ်ယူနိုင်ကြောင်းနှင့် တင်ဒါရွေးချယ်မှုလုပ်ငန်းစဉ်အား အောက်ပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

စဉ်	အကြောင်းအရာ	နေ့ရက် / အချိန်ကာလ
(က)	တင်ဒါအဆိုပြုလွှာများဝယ်ယူခြင်း	(၁၁-၅-၂၀၁၈မှ၁၈-၅-၂၀၁၈) ထိ(ရုံးချိန်အတွင်း)
(ခ)	တင်ဒါအဆိုပြုလွှာများအားလက်ခံခြင်း	၁၁-၆-၂၀၁၈ ထိ(ရုံးချိန်အတွင်း)
(ဂ)	တင်ဒါဖွင့်ဖောက်ခြင်းနှင့် တင်ဒါစိစစ်ရွေးချယ်ခြင်း	(၁၈-၆-၂၀၁၈မှ ၂၂-၆-၂၀၁၈) ထိ(ရုံးချိန်အတွင်း)
(ဃ)	တင်ဒါအောင်မြင်သည့်ကုမ္ပဏီအား အကြောင်းကြားခြင်းနှင့် ဝန်ကြီးဌာန Website တွင် ကြော်ငြာခြင်း	၂၉-၆-၂၀၁၈ ရက်

၃။ တင်သွင်းလာသည့်အဆိုပြုလွှာ ချိတ်ပိတ်စာအိတ်တွင် ပေါက်ပြဲခြင်း၊ စုတ်ပြဲနေခြင်း၊ Email ဖြင့်လျှောက်ထားခြင်းများနှင့် သတ်မှတ်ရက်ထက်ကျော်လွန်၍ တင်သွင်းလာသည့် အဆိုပြုလွှာများအား လုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း - ၀၆၇-၃၄၃၀၂၇၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်း နိုင်ပါသည်။

တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ
အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန